# နွေဦးအသံ
the voice of spring

16.4.2021 · Friday · No . 11 · Daily News Pamphlet


## မုံရွာမြို့သပိတ်ခေါင်းဆောင် ကိုဝေမိုးနိုင် အတွက် လူထုအရေးတော်ပုံကြီးကို လုံ့လဝီရိယနှစ်ဆတိုးပြီး ဆက်လက်ဆင်နွှဲရမည်ဖြစ်ကြောင်း ကိုတေဇာဆန်း ပြောကြား

သတင်းတို

ရင်းမြစ် – ခေတ်သစ် မှ

## ဖမ်းဆီးထားသည့်လူပေါင်း(၃၀၀၀)ကျော်ကို ပြန်လွှတ်ပေးရန်နှင့် ဒီမိုကရေစီလိုလားသောမြန်မာပြည်သူများကို အားပေးကြောင်း အမေရိကန်သံရုံးက ကြေညာချက်ထုတ်ပြန်ခဲ့

သတင်းတို

ရင်းမြစ် – မဇ္ဈိမ မှ




## မုံရွာမြို့ သပိတ်ခေါင်းဆောင် ကိုဝေမိုးနိုင် စီးနင်းလာသော ဆိုင်ကယ်ကို ကားဖြင့် ဝင်တိုက်၍ အကြမ်းဖက် ရိုက်နှက်ဖမ်းဆီးခြင်းခံရ

သတင်းတို

ရင်းမြစ် – ဒီဗွီဘီ မှ

# သပိတ်မျိုးစုံဖြင့် တနိုင်ငံလုံး၌ "တော်လှန်သင်္ကြန်" ဆက်လက်ဆင်နွှဲခဲ့ကြ



ဧပြီ ၁၅ ရက်၊ သင်္ကြန်အကြတ်နေ့၊ မန္တလေးမြို့ရှိ အင်ဂျီနီယာသပိတ်စစ်ကြောင်းကို တွေ့ရစဉ် -(ဓါတ်ပုံ-စီဂျေ)

## ပြည်သူ့အသံ People Voice (PVTV) ရုပ်သံအစီအစဉ်များ ထုတ်လွှင့်ပြသမည်ဟု CRPH ကြေညာ

သတင်းတို

ရင်းမြစ် – CRPH မှ

## ကြည့်မြင်တိုင် လဟာပြင် ညဈေးအနီး မီးလောင်ကျွမ်းခဲ့ပြီး ဈေးရုံ (၂)ရုံခန့်နှင့် ရုပ်ရှင်ရုံ (၁)ရုံ ပျက်စီးခဲ့ဟု သိရ

သတင်းတို

ရင်းမြစ် – ဒီဗွီဘီ မှ

## မန္တလေးမြို့ ကျန်းမာရေးသပိတ်ဖြိုခွဲခံရပြီး အယောက်(၂၀)ကျော် အဖမ်းခံခဲ့ရ

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

## ဗလီအတွင်း စစ်အုပ်စုမှ အကြမ်းဖက် ဝင်ရောက်ပစ်ခတ်သဖြင့် (၁)ဦးသေဆုံး

သတင်းတို

ရင်းမြစ် – မြန်မာနောင်း မှ

## နာမည်ကြီး ရုပ်ရှင်သရုပ်ဆောင်ဇင်ဝိုင်းနှင့် အဆိုတော်ပိုပို တို့ အဖမ်းဆီးခံခဲ့ရ

သတင်းတို

ရင်းမြစ် – ခေတ်သစ် မှ

## ပုသိမ်မြို့တွင် အကြမ်းဖက်စစ်အုပ်စုဒလန်များမှ GZ ဟန်ဆောင်ကာ စာအတုများဝေငှခဲ့

သတင်းတို

ရင်းမြစ် – မဇ္ဈိမ မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွားချ၍ ဆက်လက်မျှဝေပါ၊
ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှုသည် တော်လှန်ရေး၏ အသက်သွေးကြောတစ်ခုပင် ဖြစ်သည်။

# သတင်းမှတ်စု

ဧပြီလ (၁၅) ရက်၊ ၂၀၂၁

www.facebook.com/thevoiceofspring
twitter@NewsPamphlet
thevoiceofspringdaily@gmail.com

- မုံရွာမြို့၏ သပိတ်ခေါင်းဆောင်တဦး ဖြစ်သော ကိုဝေမိုးနိုင် စီးနင်းလာသည့် ဆိုင်ကယ်ကို ကားတစီးဖြင့် ဝင်တိုက်ကာ အကြမ်းဖက်ဖမ်းဆီးခံခဲ့ရသည့်အပေါ် ဆေးကုသမှု ရရှိရန်နှင့် လူ့အခွင့်အရေးများကို လေးစားလိုက်နာရန် တောင်းဆိုပြီး အနီးကပ်စောင့်ကြည့်နေကြောင်း ဆွီဒင်သံရုံးမှ ကြေညာချက်ထုတ်ပြန်ခဲ့။
- မြန်မာနိုင်ငံဆိုင်ရာ နော်ဒစ် သံရုံးများ ဖြစ်ကြသော ဒိန်းမတ်၊ ဖင်လန်၊ နော်ဝေနှင့် ဆွီဒင်နိုင်ငံ သံရုံးများကပြည်သူလူထုအပေါ် အကြမ်းဖက်တိုက်ခိုက်မှုတွေ ချက်ချင်း ရပ်တန့်ရန်နှင့် အင်တာနက်တွေ ပြန်အသုံးပြုခွင့်ပေးရန် ကြေညာချက် ပူးတွဲထုတ်ပြန်ခဲ့။
- CRPH က စစ်အာဏာရှင်စနစ်ကျဆုံးရေး၊ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု တည်ထောင်နိုင်ရေး လှုပ်ရှားဆောင်ရွက်နေမှုများကို ပြည်သူလူထုထံသို့ စဉ်ဆက်မပြတ် အစီရင်ခံတင်ပြနိုင်ရန်နှင့် ပြည်သူလူထုထံ တိကျမှန်ကန်သောသတင်းအချက်အလက်များ ရောက်ရှိနိုင်ရေးအတွက် နည်းလမ်းပေါင်းစုံ သုံးကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး မကြာမီကာလတွင် ဖွဲ့စည်းသွားမည်ဖြစ်သည့် ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government – NUG) နှင့် ပတ်သက်သော သတင်းအချက်အလက်များ အပါအဝင် နွေဦးတော်လှန်ရေးကာလ ပြည်သူ့အသံများကို Public Voice Television (PVTV) ရုပ်သံ အစီအစဉ်များ အဖြစ် ထုတ်လွှင့်ပြသသွားရန် ရှိကြောင်း ကြေညာခဲ့။
- အကြမ်းဖက်စစ်အုပ်စုတပ်ဖွဲ့ဝင်များက ဧပြီ ၁၄ ရက်၊ ည ၈ နာရီခန့်မှ စတင်ပြီး မန္တလေးမြို့၊ စိန်ပန်း၊ လန်ဒန်ဝင်း အပါအဝင် ရပ်ကွက်အများအပြားသို့ ဝင်ရောက် ပစ်ခတ်မှုများ ပြုလုပ်ခဲ့ပြီး ဒဏ်ရာရရှိသူ အနည်းဆုံး (၃) ဦးခန့် ရှိကြောင်း သိရ။
- မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စကြာ နွယ်စဉ်ရပ်ကွက်ရှိ ဆူးလေဗလီ အတွင်း အကြမ်းဖက် စစ်အုပ်စုမှ အကြောင်းမဲ့ဝင်ရောက် ပစ်ခတ်မှုကြောင့် အမျိုးသားတစ်ဦး သေဆုံးခဲ့ပြီး မသန်စွမ်းတစ်ဦး အပါအဝင် နှစ်ဦး ဒဏ်ရာရရှိခဲ့။
- မြစ်ကြီးနား သတင်းဂျာနယ်မှ ဝန်ထမ်းဟောင်းတယောက် ဖြစ်သော သတင်းထောက် မမျိုးမြတ်ပန်ကို အကြမ်းဖက်စစ်အုပ်စုက ဧပြီ ၁၄ ရက် ည ၆ နာရီခွဲမှာ လာရောက် ဖမ်းဆီးခဲ့ကြောင်းသိရ။
- မြင်းခြံမြို့၌ ဧပြီ ၁၄ ရက်တွင် ပြည်သူနှစ်ဦးကျဆုံးခဲ့သော်လည်း ဧပြီ ၁၅ ရက်တွင် ပင်မသပိတ်စစ်ကြောင်း မရပ်တန့်ဘဲ အရှိန်အဟုန်မပြတ် ဆက်လက် ချီတက်ဆန္ဒပြခဲ့ကြ။
- ဈေးဝယ်ရင်း သပိတ်မှောက်သည့် ဈေးဝယ်သပိတ်ကို နံနက်ပိုင်းက စစ်ကိုင်းမြို့မဈေးအပြင်ဘက်တန်းမှာ ပြုလုပ်ခဲ့ကြ။
- ရန်ကုန်တိုင်း- သုဝဏ္ဏမြို့နယ်၊ လှိုင်၊ ရန်ကင်း၊ တောင်ဒဂုံ၊ စမ်းချောင်း၊ ရွှေပြည်သာ၊ ပုဇွန်တောင်၊ အင်းစိန်၊ သာကေတ၊ တောင်ဥက္ကလာပ၊ ရန်ကင်း၊ သင်္ဃန်းကျွန်း၊ ဗဟန်း၊ ကြည့်မြင်တိုင်၊ သန်လျင်၊ မြောက်ဒဂုံ။ မန္တလေး- အနောက်ပြင်၊ စက်မှုစုံစုပေါင်း၊ ပြည်ကြီးတံခွန်၊ အင်ဂျီနီယာအဖွဲ့ သပိတ်၊ နွားထိုးကြီး။ သရက်ချောင်း-ပိန်းတော၊ ညောင်ဇင်ကျေးရွာ။ ရေဖြူမြို့။ ဖရူဆို။ ဒီးမော့ဆို။ လွိုင်ကော်၊ ထေးဌားလျှားနှင့် ဘာဒိုကျေးရွာ။ ရှမ်းမြောက်- နောင်ချိုမြို့။ မိုးကုတ်မြို့။ ပေါင်းတည်။ ပုသိမ်မြို့။ ညောင်ဦးမြို့။ ကလေးမြို့။ ကျောက်ပန်းတောင်း။ စစ်ကိုင်း၊ ကသာမြို့၊ ဆားလင်းကြီး-လင်းစားကျက်ရွာ။ မကွေးမြို့။ ပဲခူးမြို့။ ငွေဆောင်။ မော်လမြိုင်။ မုဒုံ။ ကျိုက်ထို။ ရေး။ လွိုင်ကော်-နာနတ်တော။ ငါန်းဇွန်မြို့နယ်-ရေဇင်းအုပ်စု။ ရှမ်းမြောက်-သီပေါမြို့။ မုံရွာ။ ကျောက်ဆည်မြို့။ ဖြူးမြို့နယ်-ဇေယျာဝတီမြို့။ ဖားကန့်မြို့၊ မော်ဝမ်း ရပ်ကွက်။ မိတ္ထီလာ။ ဒီပဲယင်းမြို့နယ်-မရကန်ကျေးရွာ။ တောင်ကြီး၊ ကလော။ စဉ့်ကိုင်မြို့နယ်၊ ပလိပ်မြို့။ ထားဝယ်မြို့။ မြင်းခြံ။ မိုးကောင်း။ ရှမ်းမြောက်-ကျောက်မဲမြို့၊ သီပေါ၊ မူဆယ်။ ရောဝတီ- ကြံခင်းမြို့၊ လပွတ္တာ၊ ဖျာပုံ၊ ကျုံပျော်။ နန့်ခမ်း။ စစ်ကိုင်း-ကျွန်း လှ။ နမ္မတီး။ တောင်ငူ။ ရွှေဘို။ ပြည်မြို့။ အောင်လံမြို့။ ရေဦးမြို့။ ကျိုင်းတုံ။ ပေါင်။ ပေါင်းတည်။ ဘားအံ၊ ကော့ကရိတ်၊ ကျုံဒိုး၊ နမ္မတီး၊ မြစ်ကြီးနား၊ ပိုင်းမော်၊ ရွှေကူ၊ ပြင်ဦးလွင်၊ နေပြည်တော် စသဖြင့် မြို့အသီးသီး၌ သပိတ်စစ်ကြောင်းများ ချီတက်၍ ဆန္ဒဖော် ထုတ်ခဲ့ကြကြောင်း သိရ။

ရင်းမြစ် – ခေတ်သစ်၊ဧရာဝတီ၊ မဇ္ဈိမ မှ

ဖေဖော်ဝါရီ(၁)ရက်မှစပြီး
ဧပြီလ(၁၅)ရက်အထိ

ကျဆုံးသူဦးရေ
- ၇၂၆ ဦး
( ကလေးငယ် ၅၀ ဦးပါဝင် )

အဖမ်းဆီးခံရသူဦးရေ
- ၃၁၅၁ ဦး

ဝရမ်းထုတ်ခံရသူဦးရေ
- ၈၁၃ ဦး

ရင်းမြစ် – အေအေပီပီမှ



ဧပြီ (၁၅) ရက်၊ သင်္ကြန်အကြတ်နေ့ ကချင်ပြည်နယ်၊ ဗန်းမော်မြို့ရှိ လူငယ်များ၏ ဆေးပန်းချီသပိတ်ကို တွေ့ရစဉ်

**အရေးတော်ပုံ မုချ အောင်ရမည်**

ညှော့ စာရင်း တိုင် မယ်ဆို CDM တွေကို အားနာပါ

နွေဦးအသံ
the voice of spring
16.4.2021 · Friday · No . 11 · Daily News Pamphlet